# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၃၅ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၅ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၃၅ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၉၂.၆၆) ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေသုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်း ဥပဒေခွဲ(က)နဲ့ (ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၃၅ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်ဟာမိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်ဇောသန်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇောသန်းရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်သည် မိမိကိုယ်တိုင် မသွားမဖြစ်သွားရမည့် အရေးကြီးကိစ္စတစ်ခု ပေါ်ပေါက်လာ ပါသဖြင့် ယနေ့ ၁၈-၁၀-၂၀၁၁ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေး သို့တက်ရောက်နိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ယနေ့ ၁၈-၁၀-၂၀၁၁ ရက်နေ့အတွက် ခွင့်(၁)ရက် ပေးပါရန် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းကျော်ဇောသန်း က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်ရဲ့ ၁၈-၁၀-၂၀၁၁ ရက်နေ့ ခွင့် (၁)ရက် ပန်ကြားချက်အပေါ် ခွင့်ပြုဖို့ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက်ကို လွှ တ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းတင်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်အောင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့်ဟာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှာ ကျင်း ပမယ့် (၂၁) ရာစု စီးပွားရေးဆိုင်ရာ၊ စိန်ခေါ်မှုများဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန်ရှိသည့်အတွက်

ယနေ့ ၁၈-၁၀-၂၀၁၁ ရက်နေ့ကိုခွင့်(၁) ရက်ခွင့်ပြုပေးပါရန် ဦးစံပြည့်ကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ကျွန်တော် ဦးစိုင်းတင်အောင် မှ လေးစားစွာ ခွင့်ပန်ကြား အပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်ရဲ့ ၁၈-၁၀-၂၀၁၁ ရက် ခွင့် (၁) ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဌေးမောင် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်သည်သွေးတိုးရောဂါဝေဒနာ ခံစားနေရပါသဖြင့် ဆရာဝန်၏ ညွှန်ကြားချက်အရ ၁၈-၁၀-၂၀၁၁ ရက်နေ့အတွက် ခွင့် (၁)ရက်ခံစားခွင့်ပြု ပေးပါရန် ကျွန်တော် ဦးဌေးမောင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် မြေအမှတ် (၁၂) အမျိုးသား လွှတ်တော် ကိုယ်စားလှယ်မှ ဦးစိုးအောင်၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်၏ ၁၈-၁၀-၂၀၁၁ ရက်နေ့ ခွင့် (၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ချိုဦး တင်ပြပါခင်ဗျား။

**ဦးအောင်ချိုဦး၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းအမှတ်(၁၀)၏ ဒုတိယအကြိမ်မြောက်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန်ရှိပါသဖြင့်၁၈-၁၀-၂၀၁၁ ရက်နေ့ အမျိုးသားလွှတ်တော် တက်ရောက်ခြင်းမှ ခွင့် (၁)ရက်သတ်မှတ်ပေးပါရန် ဒေါက်တာစိုး ဝင်းကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး က ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းရဲ့ ၁၈-၁၀-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇော်နိုင်ဦး တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှသိန်း သည် မိသားစုအရေးကိစ္စ၊ အရေး တကြီးဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၁၈-၁၀-၂၀၁၁ ရက်နေ့အား အမျိုးသားလွှတ်တော် အစည်းဝေးသို့ တက်ရောက်နိုင်ခြင်း မရှိပါသဖြင့် ဤနေ့အတွက် ခွင့် (၁)ရက် ခွင့်ပြုပေးပါရန် ဒေါက်တာလှသိန်းကိုယ်စား ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦးမှ လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှသိန်းရဲ့ ၁၈-၁၀-၂-၁၁ ရက်နေ့ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဆွေအောင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေသည် ကိုယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ၁၈-၁၀-၂၀၁၁ ရက်နေ့နဲ့ ၁၉-၁၀-၂၀၁၁ ရက်နေ့တို့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဒေါက်တာခင်ရွှေကိုယ်စားကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်က ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၏ ၁၈-၁၀-၂၀၁၁ မှ ၁၉-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့် (၂) ရက်ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ပထမ အကြိမ်အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၆)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများ ကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဥ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားမည့် မေးခွန်းတွေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မတူပီမြို့နှင့်ရေဇွာမြို့ပေါ်နေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အစီအရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

ပထမဦးစွာချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က မတူပီမြို့နှင့်ရေဇွာမြို့ပေါ် နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အစီအမံရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော်သည် မတူပီ မြို့နယ်၊ ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မတူပီမြို့ နယ်နှင့် မြို့ပေါ်ရှိပြည်သူများ ရေဇွာမြို့နယ်ခွဲ အစိုးရ ဝန်ထမ်းများ အတွက် ရေအခက်အခဲ လုံလောက်မှုမရှိတဲ့အကြောင်းကို ကျွန်တော်တင်ပြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့ နယ်ဟာ ၁၉၄၈ ခုနှစ်ကစတင် မြို့တည်တဲ့မြို့ ဖြစ်ပါ တယ်။ အဲဒီ မြို့နေအစိုးရဝန်ထမ်းများ အခြေအနေဟာ သီးခြားအိမ်တွေဟာ (၁၀၀) ကျော်ကျော်ပဲ ရှိပြီးတော့ ရေအခက်ခဲဟာလည်း မရှိခဲ့ပါ ဘူး။ ကျေးရွာဟာသီးခြား အိမ်တွေဟာ (၂၀၀) ကျော် ရှိပြီးတော့ သူတို့ကျေးရွာအတွက်ကျတော့ သူတို့ရေအထိုက်အလျောက် ရှိပါတယ်။ သို့သော်ယခုအခါမှာ မတူပီမြို့နယ်ဟာ လူဦးရေဟာ အိမ်ခြေ(၁၀၀)ကျော်ကနေ ယခုအခါ အိမ်ခြေ (၁၀၀၀) ကျော်သို့ တိုးမြင့်လာပြီးအားလျော်စွာ ဗျူဟာရုံးအပြင် အခြား ခ.မ.ရ (၃၀၄) နှင့် ခ.လ.ရ (၃၄၀) တပ်ရင်းများ တိုးပွားလာတဲ့အတွက် မတူပီမြို့နယ်ဟာ လူဦးရေဟာ အဆမတန် များပြားလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရေခက်ခဲမှုဟာ ယခုအခါ မြို့ပေါ်နေလူထုဟာ ရေအခက်အခဲ ကြုံတွေ့ နေရပါတယ်။ ရေခက်ခဲမှုများကို ၁၉၈၀ ခုနှစ်လောက်က UNICEF Fund နှင့် ရေအရင်းအမြစ် ရှာဖွေရေးအဖွဲ့က ပူးပေါင်း ပြီးတော့ ရေပိုက်လိုင်း၊ ပလပ်စတစ်ရေပိုက်လိုင်း (PVC) အဖြစ် လုပ်ဆောင်ပေးပါတယ်။ ဒါပေမယ့်လို့ ယခုအခါ အဲဒီရေပေး စနစ်၊ ရေပိုက်လိုင်းစနစ် ဟာ မလုံမလောက် ဖြစ်တဲ့အတွက် မြို့ပေါ်နေ လူထုဟာ ရေအခက်အခဲ ရှိပါတယ်။ တ စ်ခါတစ်လေ စောစောစီးစီး ရေဘုံမှာတန်းစီပြီးတော့ ဒီပိုက်ရှိတဲ့နေရာ တန်းစီပြီးရေခပ်ရတယ်။ ဒီရေမလုံ လောက်မှုကြောင့် အချင်းချင်း စကားများခြင်း၊ ရန်ဖြစ်ခြင်းများလည်းရှိတယ်။

တစ်ခါတစ်လေ (၅)ဂါလံ ရေတစ်ပုံးဟာ ၅၀ဝိ/- ကျပ်နဲ့ အရောင်းအဝယ် လုပ်နေကြတာလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်ဒီနှစ်ရဲ့ မေလမှာ ကျွန်တော် ရွာ ရောက်တုန်း သွားကြည့်တဲ့အခါမှာ သကြံန်မဏ္ဍပ်ဟာ လေးမြို့မြစ်နားမှာ သွားထိုးကြတယ်။ သကြံန်မဏ္ဍပ်ဘာဖြစ်လို့အဲဒီမှာ သွားထိုးသလဲဆိုတော့ ရေလောင်းစရာ ရေမရှိလို့၊ ကစားစရာ ရေမရှိလို့ မြစ်နားမှာ သွားထိုးကြတယ်လို့ပြောကြတယ်။ ဒါကြောင့် ရေအခက်အခဲဟာ မြို့ပေါ်နေလူများဟာ တော်တော်လေးအခက်အခဲရှိတယ်။ တနင်္ဂနွေအားရက်မှာ သူတို့ အဝတ်လျှော်ကြတာ အဲဒီလေးမြို့မြစ်ကို သွားပြီးတော့ အဝတ်လျှော်ကြတယ်။ အဝတ် လျှော် ရေချိုးကြတယ်။ ပြန်လာတဲ့ အတက်မှာလည်းပဲ အိမ်မှာရေချက်ဖို့ ထမင်းချက်ဖို့ ရေပုံးနဲ့ ခြင်းနဲ့ ထမ်းပြီးတော့ ရေကိုထမ်းပြီးတော့ တောင်ပေါ်ကိုတက်ကြတယ်။ အဲဒါအပေါ်ရောက်တော့ ချွေးပြန်ထွက်တယ်။ အဲဒီလိုမျိုးဒုက္ခကို မြို့ပေါ်နေလူထုများခံစားနေရတဲ့အတွက် စီစဥ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ တင်ပြ လိုခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ရေဇွာမြို့မှာလည်း ၂၀၀၃ ခုနှစ်က တပ်မတော် အစိုးရက နယ်စပ်ဒေသ ဖွံ့ဖြိုးရေး အစီအစဥ်ဖြင့် မြို့နယ် ခွဲတည်ဆောက်ပေးခြင်းဖြစ်ပါတယ်။ အဲဒီမြို့နယ်ခွဲဖြစ်တာ အားလျှော်စွာပဲ ဖွံ့ဖြိုးတိုးတက်မှုအထိုက်အလျောက်ရှိလာတာ တွေ့ရတဲ့အတွက် ယခင်အစိုးရ အပေါ်မှာလည်း လူထုကအထူးကျေးဇူးတင်ရှိကြောင်း လူထုကိုယ်စား ပြောကြားလိုပါတယ်။ ရေဇွာမြို့နယ်မှာလည်း ယခင်ကရွာသာသာရှိပြီး ဒီလိုခက်ခဲမှုမရှိသော်လည်း ယခုအခါလူဦးရေ ထူထပ်လာတာနှင့်အမျှ ရေအခက်အခဲအလွန်ရှိပါတယ်။ ခုနက မတူပီမြို့နယ်ကို တင်ပြသလိုပဲ ဒီရေကို ချောင်းထဲမှာရေချိုးခြင်း၊ ချောင်းထဲမှာရေခပ်ခြင်း၊ အဝတ်လျှော်ခြင်းများကို ကျွန်တော်တို့ လုပ်ရပါတယ်။ နောက်ပြီး ရေရှားပါးမှုအတွက်ကြောင့် မို့လို့ ဒေသခံလူထုဟာ ဒီစိုက်ပျိုးရေးကိစ္စ၊ မွေး မြူရေးကိစ္စနှင့် လူမှုရေးကိစ္စများလည်း တော်တော်လေး ပြဿနာတွေ တွေ့ရပါတယ်။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်ဖြင့် ထိခိုက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ လို့ ရေဇွာမြို့နယ်ဟာ ရေဖူလုံမှုရရှိရေးအတွက် အစိုးရသစ်အနေ ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ မတူပီမြို့နယ် နဲ့ရေဇွာမြို့နယ်အပေါ်ရှိ ပြည်သူများ ရေလုံလောက်မှုရရှိရေးအတွက် အစီအမံ ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်က ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးကို ရေကုသိုလ်လုပ်ပေးပါလို့ မေးမြန်းရင်း ကျွန်တော် အဆိုပြုမေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့တွင် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးရန် အစီစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆ န္ဒနယ်အမှတ်(၈)မှာ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့တွင် သောက်သုံးရေဖူလုံ မှု ရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေး ရန် အစီစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်း ကတော့ ခရိုင်မြို့ဖြစ်တဲ့ မင်းတပ်မြို့တွင် သောက်သုံးရေဖူလုံမှု ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးနိုင်ခြင်းရှိ/မရှိ မေးခွန်း ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းတပ်မြို့ဟာ ချင်းပြည်နယ် တောင်ပိုင်းရှိ အမြင့်ပေ(၄၈၆၀)တွင် တည်ရှိသည့် တောင်ပေါ်ရှိ ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ နိုင်ငံတော်မှ လမ်းပန်းဆက်သွယ်ရေးနှင့် မြို့နယ်မီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့တဲ့ အတွက်ကြောင့် မြို့နယ်ချင်းဆက်လမ်းများ ကတ္တရာလမ်းများဖြစ်လာပြီး သွားလာရေးအဆင်ပြေလျက်ရှိပါတယ်။ မြို့ရဲ့ မီးလင်းရေးလုပ်ငန်းလည်း အထိုက်အလျောက်အဆင်ပြေလာပါတယ်။ဒါပေမယ့် ကျွန်တော်တို့ မြို့မှာ ရေရရှိရေး ယနေ့တိုင် လုံလောက်မှုမရှိသေးပါ။ မြို့ရေကို မင်းတပ်မြို့မှ အနောက်ဘက် (၁၄)မိုင်အကွာ မိုလောင်းချောင်းစမ်းရေကို သွယ်ယူအသုံးပြုရတဲ့အတွက်ကြောင့် မြို့နဲ့ အင်မတန် အလှမ်းဝေးလျက်ရှိပါတယ်။ သွယ်ယူတဲ့ရေပိုက်ဟာလည်း (၄)လက်မ၊ (၃)လက်မ၊ (၂)လက်မ စသည်ဖြင့် ရောထွေးနေတဲ့အတွက်ကြောင့် လမ်းတစ်လျောက်ပိုက်များ ဖိအားကြောင့် အမြဲပွင့် ထွက်ခြင်းတို့ကြောင့် မြို့ကို ရေမှန်မှန်မရောက်နိုင်ပါဘူး။ ရေစုကန်ကြီးများလည်း နှစ်သက်တမ်း ကြာလာတဲ့အတွက် ကန်ရေ စိမ့်ထွက်ခြင်းများလည်း ရှိနေပါတယ်။ ၁၄ မိုင် မိုလောင်းချောင်း စမ်းရေမှ မင်းတပ်မြို့အရောက် (၄) လက်မပိုက် တစ်မျိုးတည်းနဲ့ ရေစုကန်အရောက်

သွယ်ယူမယ်ဆိုပါက လမ်းတစ်လျှောက် အပျက်အစီးနည်းမယ်လို့ သိရပါတယ်။ ဒေသခံမြို့သူ မြို့သားများနဲ့ အလှူရှင်များမှ နှစ်စဉ် ထည့်ဝင်၍ မိမိ တို့နိုင်သလောက် ပြုပြင်ဆောင်ရွက် နေကြသော်လည်း ယနေ့တိုင် အဆင် မပြေသေးပါ။ နိုင်ငံတော်မှ (၃)လက်မ၊ (၂) လက်မ ပိုက်များအစား လိုအပ်တဲ့အပိုင်းများ မှာ (၄) လက်မပိုက်များနဲ့ လဲလှယ် ပေးနိုင်မယ်ဆိုပါက အိမ်ခြေ (၁၆၀၀) ကျော်ရှိပြီး လူဦးရေ (၁၀၀၀၀)ကျော်နေထိုင်တဲ့ ကျွန်တော် တို့ ခရိုင်မြို့ဖြစ်တဲ့ မင်းတပ်မြို့နေ ပြည်သူတွေအတွက် အဆင်ပြေမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းတပ်မြို့ရှိ ရပ်မိရပ်ဖများနဲ့ အာဏာပိုင်အဖွဲ့အစည်းများမှ ရေကော်မတီဖွဲ့စည်းပြီး နှစ်စဉ်စည်ပင်နှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ယနေ့တိုင် အဆင်မပြေသေးပါ။ နွေရာသီမှာ မြို့ နေ ပြည်သူများပို၍ အခက်အခဲကြုံရပါ တယ်။ မိုလောင်းချောင်းမှ မင်းတပ်မြို့ကို (၄)လက်မပိုက် သွယ်တန်းပြီး (၈)မိုင်ရှိပါတယ်။ နောက်ထပ် (၆) မိုင် စာလိုမယ်လို့ မြို့နယ်စည်ပင်ရဲ့ တွက်ချက် မှုအရသိရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ မင်းတပ်မြို့နေပြည်သူများ သောက်သုံးရေဖူလုံရန် လက်ရှိသွယ်တန်းထားတဲ့ (၃) လက်မ၊ (၂) လက်မ ပိုက်များနေရာမှာ (၄) လက်မ ပိုက်များနဲ့ လိုအပ်တဲ့ (၆) မိုင်စာကို အစားထိုးပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပလက်ဝမြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှုနှင့် သက်မွေးပညာသင်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်း က ပလက်ဝမြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှု နှင့် သက်မွေးပညာသင် ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ်ဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင် ဗျား။ ကျွန်တော့်အနေနဲ့ မြို့နယ်ကိုယ်စား မေးမြန်း ခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ ပလက်ဝ မြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များသင်တန်းကျောင်းနဲ့ အိမ်တွင်းမှု အသက်မွေး ပညာသင်တန်း ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်(၉)မြို့နယ်မှာဧရိယာ အကျယ်အဝန်းဆုံးနှင့်လူဦးရေအများဆုံးဖြစ်ပြီးတော့ တခြားမြို့နယ်များနဲ့ မြို့နယ်ချင်းဆက်သွယ် ရာမှာလည်း ကားလမ်း၊ ရေလမ်းမရှိ တောတောင်ကိုဖြတ်ပြီး ဆက်သွယ်ရပါတယ်။ မြို့နယ် အချင်းချင်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့အတွက် ချင်း ပြည်နယ် မြို့နယ်တိုင်းမှာ ဖော်ပြ ပါ သင်တန်းကျောင်းရှိပြီးဖြစ်သော်လည်း ကျွန်တော်တို့ ပလ က်ဝမြို့နယ်မှာ ယနေ့ထိ မရှိသေးပါ ဘူး။ အဲဒါကြောင့် မေးခွန်း(၂)ခု မေးမြန်းလိုခြင်းဖြစ်ပါတယ်။ မေးခွန်း(၁)က ပလက်ဝမြို့နယ်တွင် အခြားမြို့နယ်များမှာကဲ့သို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် အိမ်တွ င်းမှုနှင့် အသက်မွေးပညာသင်ကျောင်း ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တီးတိန်မြို့နယ် မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားကို သံမဏိသံပေါင် ဘေလီကြိုးတံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချ င်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးခမ်ဆွ င်းမုန် က တီးတိန်မြို့နယ် မဏိပူရမြစ်ကူး တွီး ထန်ကြိုးတံတားကို သံမဏိသံပေါင် ဘေလီကြိုးတံတား အဖြစ် အသစ်ဆောက်လုပ်ပေးရန် အ စီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အာလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) တီးတိန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းတင်ပြမှာကတော့ တီးတိန်မြို့နယ်၊ မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားကို သံမဏိသံပေါင် ဘေလီကြိုးတံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ထဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် တီးတိန်မြို့နယ်မှာရှိတဲ့ မ ဏိပူရမြစ်ကူး၊ တွီးထန်ကြိုးတံတား ဟာ အဲဒီမြို့အနောက်ဘက်ရဲ့ ကျေးရွာပေါင်း (၂၈)ရွာအကျိုးပြုတဲ့ ကြိုးတံတားတစ်စင်းဖြစ်တဲ့ အပြင် တီးတိန်မြို့နယ်မှတစ်ဆင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့နယ်ခွဲများသို့ ဆက်သွယ်သည့် လမ်းကြောင်း တစ်ခုပေါ်မှာ တည်ဆောက်ထားတဲ့ တံတား တစ်စင်းလည်းဖြစ်ပါတယ်။ လက်ရှိ အသုံးပြုလျက် ရှိတဲ့ ကြိုးတံတား ဟာ ၁၉၉၈ ခုနှစ်မှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာနမှ ကူညီပံ့ပိုးခဲ့သော ရန်ပုံငွေ (၈၆) သိန်းနဲ့ ဒေသခံပြည်သူများ ပူးပေါင်း ဆောက်လုပ်ခဲ့တဲ့ သစ်သားကြိုးတံတားဖြစ်ပါတယ်။ နှစ်စဉ် နှစ်တိုင်း ပြုပြင်ထိန်းသိမ်းမှု များ ကိုလည်း ဒေသခံပြည်သူများမှ ကြိုးပမ်းပြုပြင်ထိန်းသိမ်းခဲ့ပါတ ယ်။ ဒါပေမယ့် ဒီတံတားရဲ့ သက်တမ်းကာလမှာ ကြာမြင့်ခဲ့ပြီး တံတား ရဲ့ကြံ့ခိုင်မှုမှာလည်း လျော့ပါးလာ ပါသဖြင့် ကုန်တင် ကားလတ်ဖြစ်တဲ့ ကျွန်တော်တို့ ဒိုင်နာ၊ ဂျစ်ကားများဖြတ်သွားရာတွ င် ကုန်ပစ္စည်းများ ချထားခဲ့ပြီး မှ ကားအခွံ နဲ့ ဖြတ်သန်း နေခဲ့ရပါတယ်။ ဒါကြောင့် ကုန်စည်စီး ဆင်းမှုနှောင့်နှေးပြီး အန္တရာယ် လည်း ကြီးမားလာပါတယ်။ ယခု ဒီနှစ် ဩဂုတ်လ (၃)ရက်နေ့မှာ ဒိုင်နာကားတစ်စီးဟာ ကုန်ပစ္စည်းများ ချထားခဲ့ပြီးမှ အဲဒီတံတားပေါ်မှာ ဖြတ်သန်း နေတဲ့အချိန်မှာ တံတားကြမ်းခင်း သစ်သားများ ကျိုးပြတ်ပြီးတော့ တံတားပေါ်မှ ကျွံကျ ခဲ့ပြီး မဏိပူရမြစ်ထဲသို့ နစ်မြု ပ်ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကိုလည်း ကျွန်တော်တို့ ဒီလထဲမှာ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဲဒီမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်း ပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်တဲ့နေရာမှာ ကဏ္ဍတစ်ခုမှာ ပါဝင်နေတဲ့ ကျွန်တော် တို့ ပြည်သူလူထုများ အသုံးပြုသည့် မဏိပူရမြစ်ကူး၊ တွီးထန်ကြိုးတံတားကို သံမဏိသံပေါင် ဘေလီကြိုးတံတားအဖြစ်

အသစ်ဆောက်လုပ်ပေးနိုင်ပါက ကျေးလက်နေပြည်သူများ စားဝတ်နေရေးမှာ များစွာ အကျိုးပြုလာမှာ ဖြစ်ပါသဖြင့် ယခု ကျွန်တော်တင်ပြမယ့် တီးတိန်မြို့နယ် ၊ မဏိပူရမြစ်ကူး၊ တွီးထန်သစ်သား ကြိုးတံတားကို သံမဏိသံပေါင် ဘေလီကြိုးတံတားအဖြစ် အသစ်ပြန် လည်ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးလိုပါကြောင်း ပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ -ညောင်ကျိုးကားလမ်းအား ရာသီမရွေးသွား လာနိုင်သည့် ကျောက်ချောခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ ဌေးဝင်းက အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ-ညောင်ကျိုးကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ - ညောင်ကျိုးကားလမ်းအား ရာသီမရွေးသွား လာနိုင်သည့် ကျောက်ချောခင်းလမ်းအဖြစ် အမြန်ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်ပြီး စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြ ဆွေးနွေးချက်ကို ဖတ်ကြား တင်ပြခွင့်ပြုပါခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်အတွင်း မှာရှိတဲ့ ညောင်ကျိုးဒေသဟာ လူဦးရေ(၆၀၀၀၀)ကျော် နေထိုင်ပြီး ကျေးရွာ အုပ်စုပေါင်း (၈) ခု ပါဝင်

ပါတယ်။ လယ်ယာလုပ်ငန်းနဲ့ ကိုင်းကျွန်းသီးနှံများ စိုက်ပျိုးရာဒေသလည်း ဖြစ်ပါတယ်။ ညောင်ကျိုးဒေသဟာ အင်္ဂပူတစ်မြို့ နယ်လုံးမှာဒေသကြီး (၅)ခု ရှိတဲ့အနက် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲဆုံးဒေသ တစ်ခုဖြစ်ပါတယ်။ အခုတင်ပြတဲ့ အင်္ဂပူ -ညောင်ကျိုး ကားလမ်းဟာ ကျွန်တော်တို့ဒေသရဲ့ အင်္ဂပူ-ဟင်္သာတမြို့ကြီးများနှင့်ဆက်သွယ်ရာ၊ ဒေသခံများ အားကိုးရာ တစ်ခုတည်းသောလမ်း ဖြစ်ပြီးတော့ လမ်းအရှည်အားဖြင့် (၁၄)မိုင် (၂) ဖာလုံ ရှည်လျားပါတယ်။ ဒီလမ်းမှ မြန်အောင်မြို့နယ်၊ သပြေကုန်းနှင့် ရွှေကျင်မြို့များသို့လည်းပဲ ဆက်သွယ်သွားလာနိုင်တဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၀၃ ခုနှစ်ခန့်မှာ နိုင်ငံတော်မှ ကျောက်ချောခင်းလမ်း (၁)မိုင် စတင်ခင်းပေးခဲ့ပြီး ကျွန်တော်တို့ ဒေသခံများရဲ့ တင်ပြချက်အရ ၂၀၀၆ ခုနှစ်မှာ နိုင်ငံတော်ထောက်ပံ့မှု ကျပ်သိန်း (၃၀၀) ချပေးခဲ့၍ ကျောက်ချောခင်းလမ်း (၅)မိုင် ပြီးစီးခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ဖြည့်စွက်ပြီးတော့ အခုအခါမှာ စုစုပေါင်း (၇)မိုင် ကျောက်ချောခင်းလမ်း ခင်းပြီးဖြစ်ပါတယ်။ ကျန် (၇) မိုင်မှာ မြေသားလမ်းဖြစ်ပြီးတော့ အခုလို မိုးရာသီကာလမှာ လမ်းများဆိုးရွားစွာ ပျက်စီးလျက်ရှိပြီး လိုင်းကားများ၊ ကိုယ်ပိုင်ယာဉ်ငယ်များ လုံးဝမသွားလာနိုင်တဲ့အပြင် ဆိုင်ကယ် ယာဉ်များပင် သွားလာ၍မရတော့တဲ့ အခြေအနေဖြစ်ပါတယ်။ ကျောက်ချောခင်းလမ်း ခင်းပြီးမှ ၂၀၀၀ ပြည့်နှစ်လောက်ကစပြီး အခု (၁၀)နှစ်ကျော် ကာလထိ ခင်းနေတာ ဖြစ်ပါတယ်။ လမ်းခင်းတဲ့ကာလ ရှည်ကြာနေတဲ့အတွက်လည်းပဲ ရှေ့ကခင်းသွား နောက်ကပျက်နေတာ ဖြစ်ပါတယ်။ အခုအခါ ဒေသခံပြည်သူများရဲ့ စုပေါင်းလုပ်အားနဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်း တာဝန်ခံ ဝန်ကြီးချုပ်ရဲ့ ဆောင်ရွက်ပေးမှုကြောင့် မြေသားလမ်းများ အဆင်သင့်ခင်းပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံ အကြီးအကဲများနဲ့ လုပ်ငန်းရှင် များက ခရီးသည်နဲ့ ကုန်တင် မော်တော်ယာဉ်လိုင်းများ ဆောင်ရွက်ပေးသော်လ ည်းပဲ မိုးရာသီ ရောက်ရင် သွားလာ၍မရတဲ့ အနေအထား ဖြစ်ပါတယ်။ အထူးသဖြင့် ဒေသခံများမှမြို့ကြီးများသို့ ဒေသထွက်ကုန်များပို့ ဆောင်ရန်အခက် အခဲရှိနေတဲ့အပြင် လူမှု ရေး၊ စီးပွားရေး၊ ကျန်းမာရေး ကဏ္ဍစုံအတွက် သွားလာရန် အခက်အခဲ ရှိနေပါသည်။ သို့ဖြစ်ပါ၍ ယခုတင်ပြတဲ့ အင်္ဂ ပူ-ညောင်ကျိုး ကားလမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောခင်းလမ်းအဖြစ် အမြန် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင် ရန်အစီအစဉ် ရှိ /မရှိ၊ ရှိလျှင်လည်း မည်သည့်အချိန်မှာ အပြီးဆောင်ရွက်

ပေးနိုင်မည့် အနေအထားအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဒေသခံများရဲ့ ကိုယ်စားသိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနဲ့ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီး ဌာနနဲ့ မြန်မာ့ စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဖြစ်ပါတယ်။ အဲ ဒီတော့ ဒီမေးခွန်းများနဲ့ ပတ်သ က်လို့ တစ်ခုချင်းတင်ပြခွင့်ပြုပါရန် ပန်ကြား အပ်ပါတယ်။ ပထမမေးခွန်းကတော့ ချင်း ပြည်နယ်၊ မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်ရဲ့ မေး ခွန်းဖြစ်ပါတယ်။ မတူပီမြို့နှင့် ရေဇွာ မြို့နယ်ခွဲမှာရှိတဲ့ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးနဲ့ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ချင်းပြည်နယ်အတွင်းပိုင်း အင်မတန်မှ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ လူမှုရေး အနေအထား၊ ဖွံ့ဖြိုးမှု အနေအထား နိမ့်ကျမှု ရှိနေသေးတဲ့မြို့နယ်များကို သူတို့ရဲ့အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့အတွက် အထူးဝါယမ စိုက်ထုတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ မြို့ရေ ပေးရေးလုပ်ငန်းများဟာ မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေတိုးတက်လာသည်နှင့်အမျှ သန့်ရှင်းတဲ့ သောက်ရေ ဖူလုံစွာ ရရှိရေးအတွက် တပြေးညီ ဆောင်ရွက်ရတဲ့ လုပ်ငန်းရပ်များပဲဖြစ် ပါတယ်။ အဲဒီတော့ ဒီကနေ့ မတူပီမြို့နယ်ကို ကျွန်တော်တို့ လေ့လာသုံးသပ်တဲ့အခါမှာ ခုနက တပ်များ မပါပါဘူး။ တပ်များအပိုင်းကတော့ တပ်များသီးခြား ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီရပ်ကွက် (၃) ခု၊ အိမ်ခြေ ၈၀၄ အိမ်၊ လူဦးရေအားဖြင့် ၈၄၃၉ ဦး ရှိပြီးတော့ ကျွန်တော်တို့ တွက်ချက်မှုအရ

တစ်နေ့ရေဂါလံလိုအပ်ချက်က ၁၆၀၀၀၀ ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိမြို့ရေပေးရေး စနစ်က ဒီစိမ့်စမ်းရေထွက် ၂ ခုကနေပြီးတော့ ရေစုကန် ၅ ခုကို ရေသွယ်ပြီးတဲ့အခါမှာ အဲဒီ ကန်ကနေ တစ်ဆင့် အိမ်သွယ်ရေတိုင်၅၉ တိုင်၊ အများသုံးရေတိုင်၃၀ နဲ့ နောက် အများသုံးရေကန်၂ ကန်ကို ရေဖြန့်ဝေပေးလျက်ရှိတဲ့ စနစ်ပဲဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်တဲ့ ရေပမာဏ ဟာ ၉၀၀၀၀ သာဖြစ်တဲ့အတွက်ကြောင့် ရေပေးဝေ နိုင်မှုအနေနဲ့ လွှမ်းခြုံမှုဟာ ၅၅ ရာခိုင်နှုန်းပဲ ရှိတယ်ဆိုတာ သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ ဒီ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကနေပြီးတော့ ကျပ်ငွေ ၄၆.၅ သန်း သုံးပြီး တော့ ကျွန်တော်တို့ ရေပေးဝေရေးလုပ်ငန်းတိုးချဲ့မှုတွေ ဆောင်ရွက်သွားဖို့ စီမံထားရှိပြီးဖြစ်ပါတယ်။ အဲဒီတော့ အဲလို စီမံထားရှိတဲ့နေရာမှာ ရေထွက်နေရာ ၄ ခုမှာ နောက်ထပ် ရေစုကန် ၄ ခု တည်ဆောက်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီရေစုကန် ၄ ခုကနေပြီးတော့ လုံ ဟရောင်း ရေစုကန်အထိကို ကျွန်တော်တို့ ၄ လက်မ PVC ပိုက် ၆ မိုင်၊ ၄ ဖာလုံ ကျွန်တော်တို့ သွယ်တန်းပေးရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းများကို ကျွန်တော်တို့ ဒီဘဏ္ဍာရေးနှ စ်အပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် မတူပီမြို့ရဲ့ မြို့ ရေပေးဝေရေးမှာ တစ်နေ့ကို ဂါလံ ၅၀၀၀၀ ထပ်တိုးလာမှာ ဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်းပေး နိုင်တဲ့ အင်အားဟာ တစ်ရက်ကို ဂါလံ ၁၄၀၀၀၀ ထိ ဖြစ်လာမှာဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ မြို့ ရေပေးရေးလွှမ်းခြုံမှု ကတော့ ၉၀ ရာခိုင်နှုန်းရှိလာမှာဖြစ်ပါတယ်။ အဲဒီတော့ ၁၀၀ ရာခိုင်နှုန်း၊ နောင်ရေရှည် တိုးတက်လာမယ့်ဟာတွေအတွက်ပါ မျှော်မှန်းပြီး နောက်ထပ် ၂၅ ရာခိုင်နှုန်း လောက်ဆောင်း ပြီးတော့ ၁၂၅ ရာခိုင်နှုန်းလောက်ထိလုပ်ဖို့လည်း ကျွန်တော်တို့ အစီအမံတွေရှိပါတယ်။ ဒါတွေ ကတော့ ရှေ့လာမယ့် ဘဏ္ဍာရေးနှစ်တွေမှာ စနစ်တကျနဲ့ ဘဏ္ဍာငွေအပေါ်မှာ စီမံခန့်ခွဲပြီးတော့ ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ အလားတူ ပဲ ရေဇွာမြို့မှာ တော့ သူက ရပ်ကွက် ၂ ခု၊ အိမ်ခြေ ၃၁၆ အိမ်၊ လူဦးရေ ၁၉၈၆ ဦး ရှိပြီး တော့ တစ် နေ့ ရေလိုအပ်ချက်ဟာ ဂါလံ ၃၉၀၀၀ ခန့် ဖြစ်ပါတယ်။ လက်ရှိရေပေး ရေး စနစ်ကတော့ စိမ့်စမ်းရေထွက် ၃ ခုကနေ ရေသွယ်ပြီးတော့ ရေစုကန် ၂ ကန်ကနေမှတစ်ဆင့် ပေးဝေလျက် ရှိပါတယ်။ ဒီ ၂၀၁၀ -၂၀၁၁ ခု ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီး ဌာန ကနေပြီးတော့ ၃ လက်မ High density Poly Echlin Tube ပိုက် ၃ မိုင်နဲ့ နိုင်ငံတော် ထောက်ပံ့ငွေ ၈ သန်း နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် တစ်ရက်ကို ရေဂါလံ

၃၂၀၀၀ လောက် ပေးဝေနိုင်မည်ဖြစ်ပါတယ်။ ရေပေးဝေရေးလွှမ်းခြုံမှုကတော့ ၈၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဒါမနှစ်က လုပ်ခဲ့တဲ့ဟာ ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ဖို့ အစီ အမံရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာန၊ ချင်းပြည်နယ် တာဝန်ခံဝန်ကြီးအနေနဲ့ ထောက်ပံ့ငွေ ၅ သန်း ကျွန်တော်တို့ ပေးပါတယ်။ ပြည်သူတွေကလည်း ၂.၈ သန်း ထည့်ဝင်ကြပါတယ်။ ဒါကြောင့် စုစုပေါင်းထည့် ဝင်တဲ့ငွေဟာ ၇.၈ သန်း ရှိပါတယ်။ အလားတူ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီး တော့ UNCIEF ကနေ ရရှိထားတဲ့ ကျွန်တော်တို့ လိုအပ်တဲ့ ပိုက်ပေါင်း၂ မိုင်၊ ၄ ဖာလုံ ဆက်ပြီးတော့သုံးပါမယ်။ အဲဒီလို သုံးပြီးတော့ သွယ်လိုက်မယ် ဆိုလို့ရှိရင်တော့ ရေစုကန်တည်ဆောက်မှု တစ်လုံးရပါမယ်။ နောက်တစ်ခါ ရေဂါလံ ၁၀၀၀၀ ဆံ့ ရေလှောင်ကန် တစ်လုံးရပါမယ်။ ရေပိုက်သွယ်တန်းခြင်း လက်မ x ၂ လက်မ၊ နှစ်မိုင် ၄ ဖာလုံ သွယ်တန်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်း ဖြင့် ရေဇွာမြို့ ရဲ့ မြို့ရေပေးဝေရေးဟာ နောက်ထပ်ဂါလံ တစ်သောင်း၊ တစ်ရက် ကို တိုးလာမှာဖြစ်တဲ့အတွက် တစ်ရက်ကို စုစုပေါင်းလေးသောင်းနှစ်ထောင်ဂါလံ ဖြစ်လာမှာဖြစ်တဲ့အတွက်ကြောင့် လိုအပ်ချက် ၃၉၀၀၀ ကို ကျော်လွန်ပြီးတော့ ၁၀၅ ရာခိုင်နှုန်းခန့် လွှမ်းခြုံပေးနိုင်မှာဖြစ် ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းများဟာလည်း ဒီတစ်ချိန်တစ်ခါတည်းလုပ်ရုံနဲ့ ပြီးစီးတဲ့ လုပ်ငန်းများဖြစ်မှာ မဟုတ်ဘဲနဲ့ နှစ်စဉ်လူဦးရေတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အ ခြေပြုပြီးတော့ နိုင်ငံတော်အစိုးရ ၊ ပြည်ထောင်စုအစိုးရအနေနဲ့ ဆက်လက်ပြီးတော့ အစီအမံများ နှစ်အလိုက်ရေးဆွဲ ဆောင်ရွက် ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မင်းတပ်မြို့ ရေပေဝေးရေနဲ့ ပတ်သက်တဲ့ မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်း ဘွေ ရဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မင်းတပ် မြို့ရေပေးဝေရေးနဲ့ ပတ်သက်ပြီးတော့ ၂၀၁၀ - ၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိတော့ နိုင်ငံတော် ထောက်ပံ့ငွေ ၂၃.၃ သန်း သုံးပြီးတဲ့နောက်မှာ နယ်စပ်ရေးရာ ဝန်ကြီးဌာနကနေပြီးတော့ Stock ရှိနေတဲ့ High density Poly Echlin Tube ပိုက်တွေ ထောက်ပံ့ပြီးတော့ ဆောင်ရွက် ပေးခဲ့တာရှိပါတယ်။ မင်းတပ်မြို့အနေနဲ့ ကြည့်မယ်ဆိုရင် ရပ်ကွက် ၄ ခု၊ အိမ်ခြေ (၁၄၅၈) အိမ်၊ (၁၉၇၂၂) ရှိတဲ့ အတွက်ကြောင့် ရေလိုအပ်ချက်ဟာ တစ်ရက်ကို ဂါလံ ၂.၁၉ သိန်း ဖြစ်ပါတယ်။ အဲဒီတော့ စိမ့်စမ်းရေထွက် ၃ ခု ကနေပြီးတော့

မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်ကို ရေလှောင်ကန် ၆ ကန်ကနေတစ်ဆင့် Gravity Flow System နဲ့ တစ်ရ က်ကို ၁.၂ သိန်း ဖြန့်ဝေပေးတဲ့အတွက် ရေပေးရေလွှမ်းခြုံမှုဟာ ၅၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒါကြောင့်၂၀၁၁ -၂၀၁၂ ဘဏ္ဍာရေးနှစ်မှာတော့ နိုင်ငံတော်ထောက်ပံ့ငွေ(၆.၃၁)သန်း သုံးပါမယ်။ ဒီလို သုံးပြီးတဲ့အပြင် ဒီ ၁၄ မိုင်ဝေးတဲ့ မိုလောင်းရေထွက်ကနေ ခုနတင်ပြ ပြီးဖြစ်တဲ့ အတိုင်းဘဲ နောက်ထပ် ၄ လက်မ PVC ပိုက် ၅ မိုင် ၄ ဖာလုံ ထပ်ပြီးတော့ သွယ်တန်းရပါမယ်။ ဒီလို သွယ်တန်းခြင်းအားဖြင့် တစ်ရက်ကို ဂါလံ ၁၈၀၀၀၀ အထိ ပေးနိုင်မှာဖြစ်ပြီးတော့ ပေးရေလွှမ်းခြုံမှုကလည်း ၈၅ ရာခိုင်နှုန်းထိ ဖြစ်လာမှာ ဖြစ်ပါတယ်။ ဤလုပ်ငန်းစဉ်က လည်း ဒီနှစ်ဘဏ္ဍာရေးနှစ်အပြီးမှာ ဆောင်ရွက်ပြီးတော့ ရပ်ထားမှာမဟုတ်ဘဲနဲ့ (၁၀၀)ရာခိုင်နှုန်း ပြည့်မီတဲ့အထိ လာမယ့်နှစ်များမှာ အစီအမံများချမှတ်ပြီး ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇေ့ယိန်းရဲ့ ပလက်ဝမြို့နယ်မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းဖွင့်လှစ် ပေးရန်နှင့် ပတ်သက်လို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ပလက်ဝမြို့နယ်ဟာ ချင်းပြည် နယ်ရဲ့ တောင်ဘက်စွန်းမှာ တည်ရှိပြီးတော့ အရှေ့ဘက်မှာ မင်းတပ်မြို့နယ်၊ ကန် ပက်လက်မြို့ နယ်နှင့် မတူပီမြို့နယ်၊ အနောက်ဘက်မှာတော့ ဘင်္ဂလာဒေ့ရှ်နိုင်ငံ၊ မြောက်ဘက်မှာ အိန္ဒိယနိုင်ငံ၊ တောင်ဘက်မှာတော့ ရခိုင်ပြည်နယ် နှင့် ထိဆက်နေတဲ့အတွက် ပထဝီ အနေအထားဝိသေသအရ ထူးခြားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အကျယ်အဝန်း စတုရန်းမိုင် ၃၁၂၇.၄ စတုရန်းမိုင်ရှိပြီးတော့ ဧကအားဖြင့် ၂ သန်းကျော် ကျယ်ဝန်းပြီးတော့ သူ့ရဲ့ပင်လယ်ရေမျက်နှာပြင်အထက် ၁၇၉ ပေ မှာ တည်ရှိတာ ဖြစ်ပါတယ်။ သူ့ကိုဆက်သွယ်နိုင်တဲ့လမ်းကြောင်းက တစ်ခုတည်းရှိပြီးတော့ ကုလားတန်မြစ် လမ်းကြောင်းအတိုင်း ရေမိုင် (၄၈) မိုင်ခန့် ကွာဝေးတဲ့ရေလမ်းကြောင်း တစ်ခုတည်းသာရှိသာ မြို့ဖြစ်ပါတယ်။ ဒီမြို့ပေါ်မှာ (၃) ရပ်ကွက်နှင့် ကျေးရွာပေါင်း (၁၇၂) ရွာပြီးတော့ အိမ်ခြေအားဖြင့် (၁၅၉၁၈) လုံး၊ လူ ဦးရေ (၈၅၅၈၂) ဦးခန့် ရှိတာဖြစ်ပါတယ်။ မြို့ပေါ်မှာနေတဲ့ လူဦးရေက ၆.၆၄ ရာခိုင်နှုန်းခန့်သာရှိပြီး နေထိုင်ပြီး ကျေးရွာမှာတော့ (၉၃.၃၆) ရာခိုင်နှုန်းရှိတာဖြစ်ပါတယ်။ Demographic Figure ကို တင်ပြနေတဲ့ ရည်ရွယ်ချ က်က လူဦးရေများပြားပေမဲ့ လက်ရှိ အနေအထားမှာ မြို့မှာနေပြီးတော့ ပညာတတ်မြောက်တဲ့

အရေအတွက် နည်းပါးသေးတဲ့ အတွက်ကြောင့် ခုနက ကျောင်းနှစ်ကျောင်း ဖွင့်လှစ်ဖို့ ကန့်သတ်ချက်တွေဖြစ်နေသေးတယ်ဆိုတာကို တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒီလို ကန့်သတ်ချက်များ ရှိစေကာမူ ဒီဟာကို ရပ်ထားတဲ့ သဘော မဟုတ်ပါဘူး။ လတ်တလောအနေနဲ့ ပညာရေး ဝန်ကြီးဌာန ပညာရေးအထက်တန်းကျောင်း မူလတန်း ကျောင်းပေါင်း (၂၂၀) ထိ တိုးမြှင့် ဖွင့်လှစ်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်ပြီးတဲ့ အပြင်ကို အထက်တန်းကျောင်းသား (၁၅၅၄)ဦး၊ အလယ်တန်းကျောင်းသား (၅၃၁၉) ဦး၊ မူလတန်း ကျောင်း (၁၂၄၄၄) ဦးထိ စုစုပေါင်း ကျောင်းသားပေါင်း (၁၉၃၁၇) ဦးထိ တက်ရောက်နေတဲ့ အနေအ ထားတော့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သို့သော် အထက်တန်း အောင်မြင်မှု အနေအထား ကြည့်လိုက်တဲ့အခါကျတော့ ၂၀၁၀-၂၀၁၁ ခု ပညာသင်နှစ်မှာတော့ အောင်မြင်တဲ့သူ (၁၂၄) ဦးပဲရှိသေးတဲ့ အနေအထား ဖြစ်ပါတယ်။ ခုနက ကျောင်းတွေကို တက်ဖို့ ဆိုတဲ့အခါကြတော့ ဒီအနေအထားလေးတွေက လိုအပ်လာတာဖြစ်တဲ့အတွက် ဒီမှာ ချင့်ချိန်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီနဲ့ တစ်ဆက်တည်း ပြီးခဲ့တဲ့ အိန္ဒိယနို ်ငံခရီးစဉ်မှာပဲ ကုလားတန်မြစ်၊ ဘက်စုံဖွံ့ဖြိုးရေး၊ ဆက်သွယ်ရေး ဆိုတဲ့ စီမံကိန်း Joint Statement မှာ လက် မှတ်ရေးထိုးပြီး အချိန်ဖြစ်ပါတယ် ။ ဒီ အနေအထား အရတော့ လာမည့် (၃)(၄)(၅)နှစ် ကာလအတွင်းမှာ ပလက်ဝမြို့ရဲ့ အနေအထားကတော့ ပိုပြီးတော့ လမ်းပန်းဆက်သွယ်ရေး ဖြောင့်ဖြူးသွားနိုင်သည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အဲလို ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒီအနေအထားပေါ် မူတည်ပြီးတော့မှ ကျွန်တော်တို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု အ သက်မွေးလုပ်ငန်း သင်တန်းကျောင်းများ ဖွင့်လှစ်ဖို့အတွက် လိုအပ်တဲ့ အရေအတွက် အနေအထား ရောက်ပြီ ဆိုရင်တော့ဖြင့် ဖွင့်လှစ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို တင်ပြပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းရှင်းလင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်ရဲ့ တီးတိန်မြို့နယ် ၊ တွီးထန်ကြိုးတံတား ဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီးတော့ မေးခွန်းပဲဖြစ်ပါတယ်၊ တီးတိန်မြို့နယ်ဟာ နယ်စပ်ဒေသ နှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကနေပြီးတော့ အထူးဖွံ့ဖြိုးဖို့ အတွက် ကျွန်တော်တို့ အာရုံစိုက် ဆောင်ရွက်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်

၁၉၉၁ ခုနှစ်က နေပြီးတော့ ၂၀၁၁ - ၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်ထိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၆၂၇ သန်းဖြင့် သုံးစွဲ ပေးခဲ့ပြီးတော့မှ လမ်းပန်း ဆက်သွယ်ရေးအနေနဲ့ဆိုရင် မြေသားလမ်း ၈၇၁ မိုင်၊ ကျောက်ခင်းလမ်း ၃၅ မိုင်၊ ကတ္တရာ လမ်း ၁၉ မိုင်နဲ့ တံတားကြီး ၃ စင်း၊ တံတားငယ် (၁) စင်း၊ ကြိုးတံတား ၉ စင်းတို့ကို ဆောက်ရွက် ပေးခဲ့တဲ့ဒေသပဲဖြစ်ပါတယ်။

အဲဒီတော့ ဒီနှစ်မှာလည်း တွီးထန်ကြိုးတံတားတည်ဆောက်ရေးအတွက် ကျွန်တော်တို့ သီးခြားထားပြီးတော့ ကျန်တဲ့ တည်ဆောက်ပြုပြင်ပေးရေးအတွက်လည်း ၄၆ သန်းလျာထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲ ဒီတော့ တွီး ထန်ကြိုးတံတားကတော့ တီးတိန်နဲ့ တွီးထန်ကျေးရွာ အုပ်စုကြားမှာရှိတဲ့ ဆက် ကြောင်းပေါ်မှာ တည်ရှိပြီးတော့ လူဦးရေ ၅၅၀၀ ကို အကျိုးပြုနေတဲ့ ကြိုးတံတားဖြစ်နေတဲ့အတွက်ကြောင့် ကြိုးတံတားတည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့လဲ အခု ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဆောင်ရွက်မှု အခြေအနေပေါ်မှာမူတည် ပြီးတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက် ပေးကြမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ။ ဒုတိယနည်း လမ်းအနေနဲ့ အိန္ဒိယနိုင်ငံသံအမတ်ကြီး ခေါ်တွေ့ပြီးတော့ ကြိုးတံတားနဲ့ ပတ်သက်လို့ အိန္ဒိယ နိုင်ငံဘက်ကလဲ ကူညီဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ မေးမြန်းတဲ့ အခါမှာတော့ သူတို့အနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်ရှိတယ်။ ဒါလေးကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမယ်ဆိုတဲ့ အဖြေလည်း ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီဘဏ္ဍာရေးနှစ်အတွင်းမှာပဲ တွီးထန် ကြိုး တံတားနှင့်ပတ်သက်လို့ လိုအပ်တဲ့အစီအမံတွေ ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ အမြန်ဆုံးတည် ဆောက်ပေးသွားမှာ ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ အင်္ဂပူ - ညောင်ကျိုးကားလမ်းအား ကျောက် ချောလမ်းအဖြစ် ဆောင်ရွက်ပေးရေး မေးခွန်းနဲ့ပတ်သက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီလမ်းဟာ ခုန တင်ပြပြီးတဲ့ အတိုင်းပဲ ချဉ်းကပ်လမ်းအပါအဝင် ၁၅ မိုင် ၄ ဖာလုံရှိပါတယ်။ သူ့အပေါ်မှာ သစ်သားတံတား ၆ စင်း တည်ဆောက်ထားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၀ - ၂၀၁၁ ခု ဘဏ္ဍာရေးနှစ် အထိ ပြီးစီးမှု အခြေအနေကတော့ ကျောက်လမ်းက ၇ မိုင် ၄ ဖာလုံ၊ မြေသားလမ်းအနေနဲ့ ၈ မိုင် ၂ ဖာလုံဖြစ်ပါတယ်။ ဒီလမ်းက ကျေးရွာပေါင်း ၇ ရွာ၊ အိမ်ခြေပေါင်း

၅၂၇၄၂ လူဦးရေ ၂၆၁၇၄ ဦး အကျိုးပြုလျက်ရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ အထူးဦးစားပေးပြီးတော့ ဆောင်ရွက်သွားဖို့ရည်မှန်းထားရှိတဲ့ လမ်းဖြစ်ပါတယ်။ ကျောက်လမ်း ၇ မိုင်၊ ၂ ဖာလုံတို့ကိုလည်း ဒီနှစ်မှာ ပြန်ပြီးတော့ ပြုပြင်ပေးရမှာဖြစ်ပါတယ် ။ အလားတူ မြေသားလမ်း ၈ မိုင် ၂ ဖာလုံ အနက်က ဘဏ္ဍာငွေ ဝင်ဆန့်မှုပေါ် မူတည်ပြီး ကျပ်သန်း ၉၀ နဲ့ စုစုပေါင်း ကျောက်ချောလမ်း ၃ မိုင် လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလို လုပ်ပေးသွားပြီးတဲ့ နောက်မှာ ၁၅ မိုင် ၄ ဖာလုံနဲ့ ၁၀ မိုင် ၂ ဖာလုံဟာ ကျောက်ချောလမ်းဖြစ်သွားမှာ ဖြစ်ပြီးတော့ ၅ မိုင်သာ မြေသား လမ်းအဖြစ် ကျန်ရှိမှာဖြစ်ပါတယ် ။ ဒီကျန်ရှိတဲ့ ၅ မိုင်ကိုလည်း လာမည့် ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ ပြီးစီးသွားအောင် ပြည်ထောင်စု အစိုးရအနေနဲ့ စီမံချက်ရေးဆွဲပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းရှင်းလင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျေးဇူးတင်ရှိကြောင်းပြောကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်တွေ ဟာ အထူးကျေနပ်ဖွယ်ရာကောင်းပါတယ်။ ဝန်ကြီးရဲ့စေတနာတွေလည်း ပေါ်လွင်တယ်။ ကျေးဇူး တင်ပါတယ်။ တစ်ဆက်တည်းဘဲ ရခိုင်ပြည်နယ် စစ်တွေမြို့မှာလည်း ဘဲ ရေချိုရှားတဲ့ ပြဿနာရှိ ပါတယ်။ ဒီကိစ္စကို ဖြေကြားဖို့ မဟုတ်ပါဘူးခင်ဗျား။ ဝန်ကြီးအနေနဲ့ ဒါစိတ်ထဲမှာ မှတ်ထားပြီးတော့ စီမံကိန်းကြီးတွေ ဆော င်ရွက်တာလည်း ဆောင်ရွက်တာပေါ့။ ကျွန်တော့်အမြင် ပြောရလို့ရှိရင် အိမ်တိုင်းအိမ်တိုင်းမှာ Surface Wall တွေ တူးဘို့အတွက် ကွန်ကရစ်ခွေတွေ ကူညီပေးမယ် ဆိုလို့ရှိရင် မိုးရွာတဲ့အချိန်မှာ တံစက်မြိတ်ကရေ Surface Wall ထဲထည့်ထားတဲ့ ရေလှောင်တဲ့ စနစ်သဘောမျိုးပါ။ အထောက်အကူရမယ်လို့လည်းယူဆပါတယ်၊ ဒါကျွန်တော့်အကြံဉာဏ်ဆိုပါ တော့။ ဒီစစ်တွေမြို့ရဲ့ သောက်သုံးရေချို ရရှိရေးကိုလည်း ဝန်ကြီးအနေနဲ့ နဲနဲစဉ်းစားပေးပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါ တယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ အထူးအလေးထားပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ် ။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန်အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမယ့် အမည်စာရင်းမရှိတဲ့အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

ယခုအဆိုမှာ ဤဥပဒေ ကြမ်း၏ အပိုဒ် ၁ မှ ၄ တို့သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူများရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါသည်။ အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ အပိုဒ် ၄ တို့သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

## ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး

နှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။ တင်သွင်းကြောင်း ပြောကြားဖို့ပါပဲ။

**အချိန်၊ ၁၀း၅၃။**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာန)။** ။ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စားကျွန်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ် ။

**အချိန်၊ ၁၀း၅၄။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး အဆိုပြုတင်သွင်းသွားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအား ဤလွှတ်တော်က လက်ခံစဉ်းစား ဆွေးနွေးပေးပါရန် ကျွန်တော်မှ ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကိုဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အချိန်ကိုငဲ့ညာတဲ့အနေနဲ့ ပြည်ထောင်စုဝန် ကြီးက ယနေ့ ဖတ်ကြားတင်သွင်းခြင်း မပြုဘဲ ဥပဒေကြမ်း ကိုဆွေးနွေးမယ့်နေ့မှာ အသေးစိတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်း စားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်စားရန်သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ပတ်ဝန်ကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိ မ်းရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေး နွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၀.၁၀.၂၀၁၁ ရက် ကြာသာပတေးနေ့ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ် ။ တင်သွင်းထားတဲ့ ဥပဒေကြမ်း နှင့်စပ်လျဉ်း ပြီး ဥပဒေကြမ်းကော်မတီရဲ့ လေ့လာ တွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်ကို ဖတ်ကြားတင်သွင်းရန်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကိုသီးခြားသတ်မှတ် ပေးမှာဖြစ်ပါတယ်။

**ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေ

ကြမ်းကော်မတီအဖွဲ့ဝင် ဦးသန်းမြင့်က ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာနဲ့ အတူ အဆိုတင် သွင်းရန်ဖြစ်ပါတယ်။

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးမယ့် ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဖတ်ကြားတင်ပြ ဆွေးနွေးခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)။** ။ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက် အစီရင်ခံစာ ရက်စွဲ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်၊ နိဒါန်း (၁) ပြည်သူ့လွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ (၄) ရက် ရက်စွဲပါ စာအမှတ် ၃/ပသ (ကော်မတီ)၁/၂၀၁၁ - (၁၈၁) ဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၆၀) နှင့် အညီပေးပို့လာသည့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီက အသေးစိတ်လေ့လာပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန် ရှိသူများနှင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ (၅) ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ဤဥပဒေကြမ်းတွင် အခန်း (၈)နှင့် ပုဒ်မ ပေါင်း ၂၂ ခုပါဝင်ပါသည်။ လေ့လာတွေ့ရှိချက်များမှာ ပြည်သူ့လွှတ်တော်က ပေးပို့လာတဲ့ ပြင်ဆင်ချက်များကို အတည်ပြု ပြီးတဲ့ ဥပဒေဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို အောက်တိုဘာ (၄) ရက်မှာ ရောက်ရှိလာပါတယ် ။ ဒီ ဥပဒေကို ကျွန်တော်တစ်ယောက်တည်း ပြင်ဆင်တာမျိုးမဟုတ်ဘဲ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များ အားလုံးက ပူးပေါင်းပြီးတော့ စီစစ်လေ့လာ တွေ့ရှိချက်တွေပဲ ဖြစ်ပါတယ်။ ဖတ်ကြားတင်ပြရမယ် ဆိုရင်၊ အပိုဒ် ၂ ပြည်ထဲရေးဝန်ကြီး ဌာနက

တင်ပြလာသော ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ခြင်း ထုတ်ပယ် ခြင်းတို့နဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ဖြည့်စွက်ခြင်းတို့အား အောက်ပါ အတိုင်း၊ဇယားပါအတိုင်း ဖော်ပြအပ်ပါသည်။ ကျွန်တော် ဇယားကြီးကို Power Point သုံးပြီးတော့ ဖော်ပြထားပါ တယ်။ ကျွန်တော်ဖော်ပြတဲ့နေရာမှာ ကျွန်တော်တို့ပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မှာဆိုရင် ကျွန်တော်တို့ အပြာရောင်ခံ ဖော်ပြထားပြီးတော့ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မှာဆိုရင် အနီရော င်နဲ့ ဖော်ပြထား ခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို မူလပြဋ္ဌာန်းချက်၊ ပြည်သူ့လွှတ်တော်က အတည်ပြုချက်နဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ချက်ဇယား အခန်း (၁)၊ ပုဒ်မ ၂ (စ) မှာ ဆိုင်းဘုတ်ဆိုတာနဲ့ ပတ်သက်ပြီး တော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့အတွက် အဆုံးမှာ ဆိုလိုသည်ဟု ဖော်ပြထားပါတယ်။ အဓိပ္ပာယ်ဖွင့် ဆိုချက်ဖြစ်တဲ့အတွက်"ဆိုလိုသည်" အစား "ဆိုသည်"ဟု အစားထိုးပြင်ဆင်ခဲ့ပါတယ်။ ပုဒ်မ၂ (ဇ) မှာ "အလံ" ဆိုရာတွင် နိုင်ငံတော်အလံ တရားဝင်ပါတီနှင့် တရားဝင်အသင်း အဖွဲ့အလံတို့ ပါဝင် သည်ဟု လက်ရှိပြဋ္ဌာန်း ချက်မှာ ဖော်ပြထားပါတယ်။ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ခြင်းမရှိပါ ဘူး။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက "အလံ"ဆိုရာတွင် တရား ဝင်ပါတီနှင့် တရားဝ င်အသင်းအဖွဲ့အလံတို့ကို ဆိုလိုသည်လို့ နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး အကျိုးအကြောင်း ဖော်ပြချက်မှာသီးခြား ဥပဒေဖြင့် လိုက်နာရ မည့်ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းထား ပြီးဖြစ်၍ "အလံ" အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ နိုင်ငံတော်အလံဟူသ ည့် စကားရပ်ကို နှုတ်ပယ်ခဲ့ခြင်း ဖြစ်ပါတယ်။ အခြားအဓိပ္ပါ ယ် ဖွင့်ဆိုချက်များနဲ့ ကိုက်ညီစေရန် တို့ ပါဝင်သည်ဆိုတဲ့ စကားရပ် အစား တို့ကို ဆိုသည်ဟု ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄ ရဲ့ မူရင်းစာပိုဒ်မှာ အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သည် ဆိုတဲ့ နေရာမှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြည့်စွက်ချက်မရှိပါဘူး။ ကျွန်တော်တို့ ဥပဒေကြမ်းရေးရာကော်မတီက နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများဆိုတဲ့စာပိုဒ်ကို ထပ်မံ ဖြည့်စွက်ပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။ ပြီးတော့ ပုဒ်မခွဲ (က)မှာ အချိန်ဆိုတဲ့ နေရာမှာ နောက်ဆက်တွဲအချိန် ဖော်ပြခြင်းမရှိတဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက အချိန်ရဲ့ နောက်မှာ အပိုင်းအခြားဆို တဲ့စကားရပ်ကို ထပ်မံပြီးတော့ ဖြည့်စွက်ခဲ့ပါတယ်။ ဆက်ပြီးတော့

အကြောင်းအရာဆိုတဲ့ နောက်မှာလည်းပဲ ကြွေးကြော်လိုသည့် ကြွေးကြော် သံများဆိုတာကို ထပ်မံဖြည့်စွက်ခဲ့ပါတယ်။ အခန်း (၄) ပုဒ်မ ၅ နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေဆိုတဲ့ မူလပြဋ္ဌာန်းချက် စာပိုဒ်နေရာမှာ ပြည်သူ့လွှတ်တော်က အဖွဲ့အစည်းတစ်ရပ် ရပ်က ဖြစ်စေဆိုတဲ့ စာပိုဒ်ကို ထပ်မံဖြည့်စွက်ထား ခဲ့ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ ကလည်းပဲ ပြည်သူ့လွှတ်တော်ရဲ့ ဖြည့်စွက်ချက်အတိုင်းပဲ ပုဒ်မ ၅ မှာ ပုဒ်မ ၄ နဲ့ ညီညွတ်စေရန် ဆိုပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင် ဖြည့်စွက်ချက်အတိုင်းကို လက်ခံ သဘောတူခဲ့ပါတယ်။ ပြီးတော့တစ်ခါဆက်ပြီး ပြည်သူ့လွှတ်တော် က ငြင်းပယ်ခြင်းပြုနိုင် သည်ဆိုတဲ့ မူလ စာပိုဒ် ပြဋ္ဌာန်းချက်အဆုံးမှာ ထပ်မံဖြည့်စွက်ထားတာက သို့ ရာတွင် နိုင်ငံတော် လုံခြုံရေး တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြု မိန့်ထုတ်ပေးရန် ငြင်းပယ် ခြင်းမပြုရလို့ ထပ်မံဖြည့်စွက်ထားတာကိုတွေ့ရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်းပဲ ပြည်သူ့ လွှတ်တော်ရဲ့ ပြင်ဆင်ချက် အတိုင်းပဲ သင့်မြတ် လျော်ကန်မှုရှိတဲ့အတွက် လက်ခံ အတည်ပြုပေးခဲ့ပါတယ်။ အခန်း ၅၊ ပုဒ်မ ၁၀ မှာ လက်ရှိ ပြဋ္ဌာန်းချက်အနေနဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စပ်လျဉ်းပြီးတော့ ပုဒ် မခွဲ (က)၊ (ခ)နဲ့ နှစ်ပိုဒ် ခွဲပြီးတော့ ရှည်လျားစွာ ပြဋ္ဌာန်းထား တာ တွေ့ရပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်က ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထား သည့် နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရမည်ဟု လိုရင်းတိုရှင်း ပြင်ဆင်ထားတာကို တွေ့ ရှိရပါတယ်။ ပြည်သူ့ လွှတ်တော်ရဲ့ ပြင်ဆင် ဖြည့်စွက်ချက်အတိုင်းပဲ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကလည်းပဲ ငြိမ်းချမ်း စွာ စုဝေးခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထား သည့် နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရမည်ဟု ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက် အတိုင်း သင့်မြတ်လျော်ကန်မှုရှိတဲ့အတွက် လက်ခံအတည်ပြုခဲ့ပါတယ်။ အခန်း (၅) ပုဒ်မ ၁၂ မှာ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) ဆိုတဲ့ နောက်မှာ ပြည်သူ့လွှတ်တော်က (င) ဆိုတဲ့ အပိုဒ်တစ်ပိုဒ် ထပ်ဖြည့်ပြီးတော့ မမှန်ကန်သောသတင်းများ ၊ ကောလဟာလများကိုဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရဟု ထပ်မံဖြည့်စွက်ထား တာကို တွေ့ရှိ ရပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလည်းပဲ ပြည်သူ့လွှတ်တော်ရဲ့ ဖြည့်စွက်ချက် အတိုင်းပဲ သင့်မြတ်လျော်ကန်၍ သဘောတူလက်ခံခဲ့ပါတယ်။ ပုဒ်မ ၁၂ ရဲ့ (င) နောက်ဆုံးအပိုဒ်

နားမှာ မူလပြဋ္ဌာန်း ချက်က ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုရာတွင်ဆိုတဲ့နောက်မှာ ပြည်သူ့လွှတ်တော်က ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် ပုံနှိပ်ခြင်းများ မပြုလုပ်ရဟု ထပ်မံပြီးတော့ ဖြည့်စွက်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ ဖြည့်စွက်ချက်အပေါ်မှာ ပုဒ်မခွဲ (စ) နဲ့ (ဆ) ကို ထပ်မံခွဲခြားပြီးတော့ ပိုမိုသဘောပေါက်ရှင်းလင်း အောင်ခွဲခြားဖော်ပြခဲ့ပါတယ်။ ပုဒ်မခွဲ (စ) မှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အလံ ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်း ပြုလုပ်နိုင်သည်ဟု ဖော်ပြခဲ့ပါတယ်။ ပုဒ်မခွဲ(ဆ)မှာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် ပုံနှိပ်ခြင်းမပြုလုပ်ရဆိုတာကို ပြည်သူ့လွှတ်တော်က ထပ်မံဖြည့်စွက်တဲ့ အချက်အတိုင်း လက်ခံပြီးတော့ သဘောတူလက်ခံခဲ့ပါတယ်။ မူရင်းပြဋ္ဌာန်းချက် ပုဒ်မခွဲ (စ)မှာ လုံခြုံရေးဆိုတဲ့ စကားလုံးဟာလည်း ပြည်သူ့လွှတ်တော်က လက်ခံခဲ့ပေမယ့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက မလိုအပ်ဘူးလို့ယူဆလို့ အဲဒီ လုံခြုံရေး ဆိုတဲ့စကားရပ်ကို နှုတ်ပယ်ခဲ့ပါတယ်။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ) မှာ မူရင်းစာသားမှာ အခါအားလျော်စွာဆိုတဲ့ စာပိုဒ်ကို ပြည်သူ့လွှတ်တော်က လက်ခံသော်လည်းပဲ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီက လိုအပ်ချက် အရလို့ ပြင်ဆင်ခဲ့ပါတယ်။ မူလ ပုဒ်မခွဲ (စ)၊ (ဆ)၊ (ဇ)တို့အား ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည) အဖြစ်နဲ့ ပြောင်းလဲပြီးတော့ အက္ခရာစဉ်ခဲ့ပါတယ်။ အခန်း (၆) ပုဒ်မ ၁၃ မှာ ဒုတိယရဲအုပ်အဆင့် ထက် မနိမ့်သော ရဲအရာရှိတစ်ဦးသည် ဆိုတဲ့စာပိုဒ်ဟာ မူလ ပုဒ်မ ၁၃ ပါ ရဲက ခွင့်ပြုမိန့်နဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ကို ကာကွယ်စောင့် ရှောက်မှုပေးရမည့် ရဲအရာရှိက ထိုသူများအား နှောင့်ယှက်ဖျက်ဆီး နေသကဲ့သို့ အဓိပ္ပ ါယ်သက်ရောက်နေ၍ ပြင်ဆင် ရေးသားခြင်းပဲ ဖြစ်ပါတယ်။ အခန်း (၆) ပုဒ်မ ၁၄ (ခ)ရဲ့ နောက်ဆုံး မှာ မြို့နယ်ရဲတပ်ဖွဲ့ မှူးထံ ဆောလျင်စွာတင်ပြရမယ်ဆိုတဲ့၊ ဆောလျင်စွာဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ က ချက်ချင်းတင်ပြရမယ် လို့ ပြင်ဆင်ရေးသားခဲ့ပါတယ်။ အခန်း (၆) ပုဒ်မ ၁၅ မှာ မြို့နယ် ရဲတပ်ဖွဲ့မှူးသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် လိုအပ်သည် ထင်မြင်လျှင် ထင်မြင်လျှင်ဆိုတဲ့စာပိုဒ်နေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ က ပုဒ်မ ၁၄ (ခ)အရ တင်ပြချက်ကို ရရှိလျှင်ဆိုတဲ့စာပိုဒ်နဲ့ အစားထိုးပြင်ဆင်ရေးသားခဲ့ပါတယ်။ ဆက်ပြီးတော့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့်ဆိုတဲ့

မူလပြဋ္ဌာန်းချက်နေရာမှာ မြို့ နယ်အထွေထွေအုပ်ချုပ်ရေးမှူးဌာန၊ အုပ်ချုပ်ရေးမှူးထံ ချက်ချင်း တင်ပြ ခွင့်ပြုချက် ရယူမည်ဆိုတဲ့ စာပိုဒ်နဲ့ အစားထိုးပြင်ဆင် ခဲ့ပါတယ်။ ဆက်ပြီး ပုဒ်မ ၁၅ ရဲ့ ပြဋ္ဌာန်းချက်နောက်ဆုံးမှာ ယင်းသို့ ရုပ်သိမ်းကြောင်းကို ကြေငြာရမည်လို့ ပြဋ္ဌာန်းချက် ပြုတဲ့ နေရာမှာ ပြည်သူ့လွှတ်တော်က ယင်းသို့ ရုပ်သိမ်းကြောင်းကို တရားဝင်စာဖြင့် ကြေငြာရမည်ဟု ပြင်ဆင်ထားတာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ ယင်းသို့ ရုပ်သိမ်းကြောင်းကို တာဝန်ရှိသူက နှုတ်ဖြင့် ကြေငြာပြီးနောက် (၂၄) နာရီအတွင်း စာဖြင့် အကြောင်းကြားရမည်လို့ ထပ်မံဖြည့်စွက်ပြင် ဆင်ခဲ့ပါတယ်။ အခန်း (၆) ပုဒ်မ ၁၆ ရဲ့ နောက်ဆုံးနားမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်မည်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း လုပ်ထုံး များနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက် မည်ဟု ပိုမိုပြည့်စုံစွာ ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ အခန်း (၇) ပုဒ်မ ၁၇ မှာ ပြစ်ဒဏ်များနဲ့ ပတ်သက်ပြီးတော့ မူလ ပြဋ္ဌာန်းချက်မှာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၂) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ရမည် ပြဋ္ဌာန်းချက်ပြုတဲ့နေရာမှာ ပြည်သူ့လွှတ်တော်က (၂) နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်နေရာမှာ ကွက်လပ် ခံထားပြီးတော့ ( )ထက်မပိုသော ဒဏ်ငွေဖြစ်စေဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီက (၂)နှစ်ထက်မပိုသော ထော င်ဒဏ်ဖြစ်စေ၊ ငွေကျပ် ၅၀၀၀၀ိ/- ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ ပုဒ်မ ၁၈ မှာ အလားတူပဲ မူလပြဋ္ဌာန်းချက်မှာ ငွေဒဏ်နှင့် ထောင်ဒဏ် (၂)ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားတဲ့ နေရာမှာ ပြည်သူ့လွှတ်တော်ကငွေဒဏ်( )ထက်မပိုသော ငွေဒဏ်ရယ်လို့သာ ဖော်ပြပြင်ဆင်ထားခဲ့ပါတယ်။ ဒီနေရာ မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ငွေကျပ် ၃၀၀၀၀ိ/- ထက်မပိုသော ငွေဒဏ်ဖြစ်စေ လို့ ၃၀၀၀၀ိ/- ထက်မပိုသောဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ပုဒ်မ ၁၉ မှာ မူလပြဋ္ဌာန်းချက်မှာ မည်သည့်ငြိမ်းချမ်း စွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့် လည်ခြင်း ပြုသူမဆိုဆိုတဲ့နေရာမှာ ပြည်သူ့လွှတ်တော်က မည်သူမဆိုဆိုတဲ့စာပိုဒ်ကို ပြင်ဆင်ခဲ့ ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်အတိုင်းပဲ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကလည်းပဲ မည်သူမဆို ဆိုတဲ့အတိုင်းကိုပဲ လက်ခံ

အတည်ပြုပေးခဲ့ပါတယ်။ ပြီးတော့ ပြစ်ဒဏ်အနေနဲ့ ၆ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ လက်ရှိပြဋ္ဌာန်းချက်မှာ ဖော်ပြထားတာကို ပြည်သူ့လွှတ်တော်က ၆ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ( )ထက်မပိုသော ငွေဒဏ်ဖြစ်စေလို့ပြင်ဆင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ က ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀၀/- ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြင်ဆင်ဖြ ည့်စွက်ခဲ့ပါတယ်။ အခန်း (၈) ပုဒ်မ ၂၀ ဤဥပဒေ အရ အရေးယူသောပြစ်မှု လက်ရှိပြဋ္ဌာန်း ချက်မှာ ဖော်ပြထားချက်ကို ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီက အခန်း (၇)ပါ ပြစ်မှုများကိုလို့ ဥပဒေရေးထုံးနှင့်အညီ ပြင်ဆင် ရေးသားခဲ့ပါတယ်။ ပြီးတော့ အခန်း (၈)ပုဒ်မ ၂၁ မှာ ဤခွင့်ပြုမိန့်အရ ဆိုတဲ့ "ဤ" ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက "မည်သူမဆိုခွင့်ပြုမိန့်အရ" လို့ ဤနေရာမှာ မည်သူမဆိုဟု အစားထိုး ရေးသား ပြင်ဆင်ခဲ့ပါတယ်။ နောက်တစ်ခါ မူလပြဋ္ဌာန်းချက်မှာ "သူ"တစ်ဦးကိုဆိုတဲ့နေရာမှာ "သူ" ဆိုတဲ့နေရာမှာ သူဆိုတဲ့အရှေ့ က အခြားစကားရပ်ကို ထပ်မံဖြည့် စွက်ပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ထပ်မံဖြည့်စွက်၍ ဥပဒေအသစ်တစ်ရပ် ထပ်မံဖြည့်စွက် ခဲ့တဲ့ ပုဒ်မ ၂၂ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်းကောင်း မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက် များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာ လှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒ ဖော်ထုတ်ခြင်းစသည့် အခွင့်အရေးများကို သုံးစွဲဆောင်ရွက်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်လို့ ဥပဒေအသစ်ကို ထပ်မံဖြည့်စွက်၍ ဥပဒေပုဒ်မ ၃၅၄ (ဃ) ပါ အချက်များကို နိုင်ငံသားတစ်ဦးအနေဖြင့် သုံးစွဲ ဆောင်ရွက်နိုင်ရန်နှင့် လိုက်နာ ဆောင်ရွက်နိုင်ရန်အတွက် ပုဒ်မအသစ်တစ်ခု ထပ်မံဖြည့်စွက် ခဲ့ခြင်းပဲဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)မှာ လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရ၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လိုအပ်သော နည်းဥပဒေစည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၇ နှင့် အညီ ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ ကော်မတီ၏ သဘော ထားမှတ်ချက်အနေနဲ့ ဆက်လက် ပြီးတော့ တင်ပြရမယ်ဆိုရင် ဤဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ ပြည်သူ့လွှတ်တော်နှင့် မိမိတို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအကြား မူအားဖြင့် သဘောထားကွဲလွဲတာ ပြင်ဆင် သည့် အချက်များမရှိပါ။ အချို့ပုဒ်မများ၌သာ အနည်းငယ် သဘောမတူသည်များကို မိမိတို့ က

ပိုမိုပြည့်စုံအောင် ဖြည့်စွ က်လိုက်သည်များသာ ရှိပါသည်။ ဤဥပဒေကြမ်းတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်း ဆန္ဒဖော်ထုတ်သူတို့အတွက်လည်းကောင်း ၊ အဖွဲ့အစည်းအနေဖြင့် စုဝေး ထုတ်ဖော်ရန်အတွက်လည်းကောင်း ပြဋ္ဌာန်းချက်များ မပါရှိသည်ကို အကျုံးဝင်ကာ၊ ကာမိစေရန် နှင့် မိမိတို့ကော်မတီညှိနှိုင်း ဖြည့်စွက်ခဲ့ခြင်းရှိပါသည်။ ဤဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အသေးစိပ်ညှိနှိုင်း ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်ရေးသားခြင်းဖြစ်သဖြင့် ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ ဆက်လက်တင်ပြ အတည်ပြုချက် ရယူသင့်ပါကြောင်း ထောက်ခံတင်ပြ အစီရင်ခံအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ခြင်း ဥပဒေကြမ်းအား ဆွေးနွေးလို သည့် လွှတ်တော် ကိုယ်စားလှယ်များရှိရင် ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေး ထိုးပြီး ၂၀-၁၀-၂၀၁၁ (ကြာသပတေးနေ့)ထက် နောက်မကျစေဘဲ အမျိုးသားလွှတ်တော် ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ၃၅ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၃၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

နေ့လယ်(၁)နာရီမှာ Capacity Building စွမ်းရည်မြှင့်တင်ရေးအတွက် သဘင်ဆောင် မှာကျင်းပမယ့် ရသုံးမှန်းခြေ ငွေစာရင်းဆိုင်ရာ ဆွေးနွေးပွဲ ကို လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်တဲ့ အခါမှာ ဥပဒေကြမ်းကော်မတီက မိမိတို့ရဲ့ လုပ်ငန်းဆောင်တာတွေကို ဆက်လက်လုပ်ဆောင်ခွင့်ပြုပါတယ်။ လုပ်ငန်းဆောင်တာပြီးလို့ မှီတဲ့အချိန်ရှိလို့ ရှိရင်လည်း ဟိုဘက်က ဆွေးနွေးပွဲကိုတက်ဖို့ တိုက်တွန်းပါတယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]